# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma


## တိုက်တွန်းတောင်းဆိုချက်

### ၂၀၀၈ ခုနှစ်၊ မေလ (၆)ရက်နေ့

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နေ့တွင် နာဂစ် ဆိုင်ကလုန်း မုန်တိုင်းဒါဏ်ကြောင့် ရန်ကုန်မြို့အပါအဝင် ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသော အခြေအနေနှင့် မြင့်တက်လာနေသော အသေအပျောက်ဦးရေများအတွက် အထူးဝမ်းနည်းတုန်လှုပ်မိကြောင်း ပြောကြားလိုပါသည်။ ထို့အပြင် စစ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် သဘာဝ ကပ်ဆိုးဒဏ် ခံခဲ့ရသူ စစ်မှုထမ်းများ၊ အစိုးရ အမှုထမ်းများ အပါအဝင် ပြည်သူပြည်သား အားလုံးထံ အရေးပေါ် အကူအညီများ ချက်ခြင်းမရောက်နိုင်သေးဘဲ ပြည်သူများ ပို၍အတိ ဒုက္ခရောက် နေကြသည်ကို ရင်နင့်စွာ ကြားသိရပါသည်။

ကယ်ဆယ်ရေး လုပ်ငန်းများ နှောင့်နှေးမှုကြောင့် ဖြစ်ပေါ်လာမည့် ရောဂါကပ်ဆိုး အပါအဝင် အခြား ဒုက္ခအန္တရာယ်များ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများ အတွက် အထူး စိုးရိမ်ပူပန် ကြောင့်ကြမိပါသည်။

စစ်အစိုးရမှ တဖက်သတ်ရေးဆွဲထားသော ၎င်းတို့၏အခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ၂၀၀၈ ခု၊ မေလ(၁၀)ရက်နေ့တွင် ပြုလုပ်မည်ဟု ကြေညာထားသည့် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်သွားရန်ထက် အသက်အိုးအိမ် ဆုံးရှုံးခဲ့ရသော သိန်းနှင့်ချီသည့်ပြည်သူများ၏အရေးကို ပထမဦးစားပေးအနေဖြင့် ဦးတည်၍ ကူညီ ဖြေရှင်းပေးရန် လုံးဝ တာဝန်ရှိကြောင်း မိမိတို့ အဖွဲ့ချုပ်မှ အထူး ထောက်ပြလိုသည်။

သဘာဝ ဘေးအန္တရာယ်ဆိုးကြီးကို ရင်ဆိုင်ခဲ့ရသော မိမိတို့ပြည်သူလူထုကို အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ခြင်း ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ နှင့် နိုင်ငံတကာအကူအညီပေးရေးဆိုင်ရာ အဖွဲ့အစည်း များမှ ဒေသခံပြည်သူများနှင့်အတူ ဆောလျှင်စွာ ဝင်ရောက်အကူအညီပေးနိုင်ရေးအတွက် စစ်အစိုးရမှ ကန့်သတ် တင်းကြပ်မှု များအားလုံး ချွင်းချက်မရှိ ရုတ်သိမ်းပေးရန် မိမိတို့မှ တောင်းဆိုပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပျက်နေသော အရေးပေါ်အခြေအနေဆိုးမှ လွတ်မြောက်ရန်အတွက် ရဟန်းရှင်လူ ပြည်သူတရပ်လုံး၊ မုန်တိုင်းဒါဏ်ခံခဲ့ရခြင်းမရှိသည့် ဒေသအသီးသီးမှ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး အပါအဝင် တပ်မတော်သားများအားလုံး၊ အမှုထမ်းများအားလုံး လူသားချင်းစာနာထောက်ထားသည့် နှလုံးသားနှင့်အတူ ကိုယ်ချင်းစာ တရား လက်ကိုင်ထား၍ မုန်တိုင်းသင့်၍ အတိဒုက္ခရောက်နေသော ပြည်သူပြည်သားများ၏ ကယ်ဆယ်နေရာချထားရေး ပထမ ဦးစားပေး ဖြစ်လာစေရန် တခဲနက် ပူးပေါင်း၍ ကူညီကြပါရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ မေတ္တာရပ်ခံ နှိုးဆော် အပ်ပါသည်။

တချိန်တည်းမှာပင် ကမ္ဘာ့ကုလသမဂ္ဂမှ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများဖြစ်ကြသော ဥရောပကောင်စီ၊ အာစီယံနှင့် ဂျပန်၊ အိန္ဒိယ၊ ထိုင်းနှင့် အမေရိကန်ပြည်ထောင်စုတို့၏ အရေးပေါ်အကူအညီ ပေးရေးဆိုင်ရာ ထုတ်ပြန်ချက်များ၊ အလှူငွေထောက်ပံ့မှုများအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို စစ်အစိုးရက တုံ့နှေးတွေ့ဝေခြင်းမရှိဘဲ အမြန်ဆုံးပူးပေါင်း ဆောင်ရွက်လာ၍ အရေးပေါ်အကူအညီများ ဘေးဒဏ်သင့်ရာ ဒေသများသို့ ချက်ခြင်းရောက်ရှိရေးအတွက် သံတမန်နည်းများအပြင် အခြားဖြစ်နိုင်သည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် တိုက်တွန်း ပါသည်၊

အထူးသဖြင့် မြန်မာ့ အိမ်နီးချင်းနိုင်ငံကြီးတခုဖြစ်သော တရုတ်နိုင်ငံအနေဖြင့် သဘာဝ ဘေးအန္တရာယ်ဆိုးကြီးကို ရင်ဆိုင်ခဲ့ရသော မြန်မာပြည်သူများအား လူသားချင်းစာနာထောက်ထား သည့်အနေဖြင့် ကယ်ဆယ်ရေးကိစ္စ အမြန်ဆုံး ဆောင်ရွက်နိုင်ရေး အတွက်လည်း၊ စစ်အစိုးရအား အထူး တိုက်တွန်းရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ လေးနက်စွာ တိုက်တွန်း တောင်းဆို လိုက်ပါသည်။


ဆက်သွယ်ရန် – နန်းယဉ် အထွေထွေအတွင်းရေးမှူး + 66 89 858 4668

နန်းဆိုင်နောင့် သဘာပတိအဖွဲ့ဝင် + 66 81 884 4963